# အမျိုးသမီးများအဖွဲ့ ချုပ်[မြန်မာနိုင်ငံ]
# Women's League of Burma

## မြန်မာနိုင်ငံ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၂) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

၂၀၀၇ ခုနှစ်၊ ဇွန်လ (၁၉)ရက်

ယနေ့ ၂၀၀၇ ခုနှစ် ဇွန်လ (၁၉) ရက်နေ့သည် ဒေါ်အောင်ဆန်းစုကြည်၏ (၆၂) နှစ်ပြည့်မြောက် မွေးနေ့ အခါသမယဖြစ်ပါသည်။ စစ်အစိုးရမှ ဒေါ်အောင်ဆန်းစုကြည်အား သူမ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားစဉ်မှစ၍ နေအိမ်၌ အကြိမ်ကြိမ် အကျယ်ချုပ် ချုပ်ထား၍ သူမအား မွေးနေ့ကို အထိန်းသိမ်းခံဘဝဖြင့် တကိုယ်တည်း ဖြတ်သန်းစေခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။

သူမ၏လွတ်မြောက်ရေးအတွက် မိမိတို့နှင့် ပြည်တွင်းပြည်ပနိုင်ငံရေးအင်အားစုများ၊ နိုင်ငံတကာ အသိုင်းအဝိုင်းများမှ အဆက်မပြတ် တောင်းဆို နေသည်ကို စစ်အစိုးရမှ လုံးဝအရေးမထားဘဲ သူမအား ဆက်လက် ချုပ်နှောင်ထားခြင်းသည် လွန်စွာအကျည်းတန်လှသည့် လုပ်ရပ်ဖြစ်ကြောင်း အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ပြောဆိုလိုပါသည်။

စစ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်အား မတရားချုပ်နှောင်ထားသည့်အပြင်၊ "လူထု" အမည်ခံ ယင်းတို့၏ လက်ကိုင်တုတ်ဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များကို အသုံးချ၍ နိုင်ငံရေးအပြောင်းအလဲအတွက် ဒီမိုကရေစီနည်းကျ ငြိမ်းချမ်းစွာ စည်းရုံးဆောင်ရွက်နေသူများအား ဥပဒေမဲ့ နှောက်ယှက်၊ ရန်ပြု၊ တိုက်ခိုက်နေမှုများကို ဒီပဲယင်း သတ်ဖြတ်မှုမှ စတင်၍ လုပ်ဆောင်နေခဲ့ပါသည်။ ယခုအချိန်တွင် ထိုသို့ တိုက်ခိုက်မှုများ ပို၍ များပြားလာနေသည့်အပြင်၊ ဤ ရန်ပြု တိုက်ခိုက်မှုများကို လစ်လျူရှု၍ ကျူးလွန်ခွင့်များ ပေးထားနေပါသည်။

စစ်အစိုးရသည် မြန်မာနိုင်ငံအတွင်း ထိန်းချုပ်မှုများ ပို၍တင်းကြပ်စွာပြုလုပ်နေရာ၊ ငြိမ်းချမ်းရေးနှင့် အခြေခံရပိုင်ခွင့်များကို တောင်းဆိုနေသူများအား မတရား အာဏာသုံး၍ ဖိနှိပ်ချုပ်ချယ်လျှက်ရှိပါသည်။

ပြီးခဲ့သည့်လများအတွင်းတွင် စစ်အာဏာပိုင်များက လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ စုစုနွေးအား ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ယင်း၏ လက်ကိုင်တုတ်များက ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအရ အကျဉ်းကျနေသူများ လွတ်မြောက်ရေးအတွက် ဘုရားတွင် ဆုတောင်းဝတ်ပြုရာမှ ပြန်လာသည့် ဖြူဖြူသင်းအား မတရားချုပ်နှောင်ခြင်းများ ရှိခဲ့သည်။

ထို့ပြင် လွန်ခဲ့သည့် ဇွန်လ ၁၂ ရက်နေ့က ဘုရားတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအရ အကျဉ်းကျနေသူများ လွတ်မြောက်ရေးအတွက် ဆုတောင်းနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် အမျိုးသမီး (၅) ယောက်အား ဒေသခံ ရဲအမှုထမ်း တယောက်၊ ရှေ့မှောက်တွင်ပင် မော်တော်ဆိုင်ကယ်စီးသူ အမျိုးသား (၃) ယောက်မှ လောက်လေးဂွဖြင့်ပစ်ရာ အမျိုးသမီးများ အနာတရ ဖြစ်ခဲ့ကြသည်။

ဤကဲ့သို့ စစ်အစိုးရက လူမြင်ကွင်းတွင် ဖြောင်ကျကျ ရာဇဝတ်မှုကျူးလွန်နေသူများအား လစ်လျူရှု၍ ကျူးလွန်ခွင့် ပြုနေမှုများသည် ပြည်သူလူထု အတွင်း သွေးခွဲနေသော လုပ်ရပ်များဖြစ်သည့်အပြင်၊ မင်းမဲ့စရိုက် အခြေအနေမျိုးဖြစ်ပေါ်လာအောင် တွန်းပို့နေခြင်း ဖြစ်သည်ဟု အဖွဲ့ချုပ်မှ သုံးသပ်ပါသည်။ စစ်အစိုးရ၏ လုပ်ရပ်များသည် မိမိတို့ ပြည်သူလူထု လိုလားသည့် အမျိုးသားစည်းလုံး ညီညွတ်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး တို့နှင့် ပြဒါးတလမ်း၊ သံတလမ်း ဖြစ်နေသည်ဟုလည်း ယူဆပါသည်။

ဤကဲ့သို့ အခြေအနေမျိုး၌ ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ဖြတ်ခံထားရသော ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို အဖွဲ့ချုပ်အနေဖြင့် အထူးစိုးရိမ်ပူပန်မိပါသည်။

ထိုသို့ စစ်အစိုးရမှ ဥပဒေမဲ့ ရန်ပြု၊ နှောင့်ယှက်၊ တိုက်ခိုက်မှုများကို ကျူးလွန်ခွင့်ပြုနေခြင်းကြောင့် မြန်မာနိုင်ငံတွင်း မငြိမ်မသက်မှုများ၊ ဆူပူလှုပ်ရှားမှုများ ဖြစ်လာပါက၊ စစ်အစိုးရ၏ တာဝန်သာဖြစ်ကြောင်း ပြောကြားလိုပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင်း စစ်မှန်သောငြိမ်းချမ်းသာယာရေးနှင့် ဒီမိုကရေစီရေးကို ရှေ့ရှုပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးခွန်ထွန်းဦး အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေး၍ "သုံးပွင့်ဆိုင်" တွေ့ဆုံဆွေးနွေးပွဲ အဆင့်ဆင့်ကို အမြန်ဆုံး စတင်ပါရန် ဒေါ်အောင်ဆန်းစုကြည်၏ (၆၂) နှစ်မြောက် မွေးနေ့တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ထပ်မံတောင်းဆိုလိုက်ပါသည်။

**အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)**

**ဆက်သွယ်ရန်**
**ဒွဲလိန် (တွဲဖက်အထွေထွေအတွင်းရေးမှူး – ၂) ဖုန်း – ၆၆ ၈၉ ၄၃၄၈၉၇၆**